ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန**

**ကြေညာချက်**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

**ပုဂ္ဂလိက လုပ်ငန်းအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံ အချက်များအား လိုက်နာဆောင်ရွက်ရန်တိုက်တွန်းခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ရက်စွဲပါစာအမှတ် ရက-၁၀/၁/၂၀၁၈ (၀၉၉၆၀)ဖြင့် ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၈)ဖြင့် ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံ ခိုင်မာသော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ၊ သင့်လျော်သောထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အခြေခံအချက်များအား သတ်မှတ်ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ အမိန့် ကြော်ငြာစာပါ အခြေခံအချက်များအတိုင်းသာ လိုက်နာကျင့်သုံးသွားရန်ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။

အောင်နိုင်ဦး

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၂၂ / ၄၀ / ၀၄ ( ၀၀၂၅ /၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်